# တရားရုံးများမထီမဲ့မြင်ပြုမှု ဥပဒေကြမ်း

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၄ ခုနှစ် လ ရက်

(၂၀၁၂ ခုနှစ် လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တရားရုံးများမထီမဲ့မြင်ပြုမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **"တရားရုံးကို မထီမဲ့မြင်ပြုမှု"** ဆိုသည်မှာ တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုနှင့် ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကို ဆိုသည်။

(ခ) **"တရားမဆိုင်ရာမထီမဲ့မြင်ပြုမှု"** ဆိုသည်မှာ တရားရုံးတစ်ရုံးက ချမှတ်သောစီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ထုတ်ဆင့်သောဆင့်စာကို တမင်သက်သက် မလိုက်နာခြင်းကိုဆိုသည်။

(ဂ) **"ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှု"** ဆိုသည်မှာ-

(၁) တရားရုံး၏ အခွင့်အာဏာကို သေးသိမ်စေရန် သို့မဟုတ် သေးသိမ်ခြင်းဖြစ်တန်စေရန် သော်လည်းကောင်း၊

(၂) တရားစီရင်သော မှုခင်းကိစ္စတွင် ဖြောင့်မှန်စွာ ဆောင်ရွက်မှုကို ထိခိုက်စေရန် သို့မဟုတ် စွက်ဖက်ရန် သို့မဟုတ် စွက်ဖက်ခြင်း ဖြစ်တန်စေရန်သော်လည်းကောင်း၊

(၃) တရားစီရင်ခြင်းကို အခြားအပြုအမူတစ်ရပ်ရပ်ဖြင့် စွက်ဖက်ရန် သို့မဟုတ် စွက်ဖက်ခြင်းဖြစ်တန်စေရန် သို့မဟုတ် နှောင့်ယှက်ရန် သို့မဟုတ် နှောင့်ယှက်ခြင်းဖြစ်တန်စေရန် သော်လည်းကောင်း

အကြောင်းအရာတစ်ရပ်ရပ်ကိုနှုတ်ဖြင့်ဖြစ်စေ၊ စာအရေးအသားဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ထုတ်ဖော်ကြေညာခြင်း သို့မဟုတ် သတင်းအဖြစ် ရေးသားဖော်ပြခြင်း သို့မဟုတ် ပုံနှိပ်ထုတ်ဝေခြင်းကိုဆိုသည်။

(ဃ) **"တရားလွှတ်တော်"** ဆိုသည်မှာ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ကို ဆိုသည်။

## အခန်း (၂)

## စီရင်ပိုင်ခွင့်နှင့် အရေးယူပိုင်ခွင့်

၃။ တရားလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုဖြစ်စေ၊ မိမိရုံးကိုဖြစ်စေ၊ မိမိလက်အောက်ခံတရားရုံး တစ်ရုံးကိုဖြစ်စေ မထီမဲ့မြင်ပြုမှုအား ဤဥပဒေအရ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။

၄။ တရားလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူတစ်ဦး၏ လျှောက်ထားချက်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို မထီမဲ့မြင်ပြုမှုအား အရေးယူပိုင်ခွင့်ရှိသည်။

၅။ တရားလွှတ်တော်သည်-

(က) မိမိသဘောအလျောက်ဖြစ်စေ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏လျှောက်ထားချက်အရဖြစ်စေ၊

(ဂ) နစ်နာသူအမှုသည်တစ်ဦး၏ လျှောက်ထားချက်အရဖြစ်စေ၊

(ဃ) အခြားနည်းအရဖြစ်စေ

မိမိရုံးနှင့် မိမိလက်အောက်ခံတရားရုံးတစ်ရုံးကို မထီမဲ့မြင်ပြုမှုအား အရေးယူပိုင်ခွင့်ရှိသည်။

သို့ရာတွင် လက်အောက်ခံတရားရုံး တစ်ရုံးအပေါ် ကျူးလွန်ကြောင်း စွပ်စွဲထားသည့် မထီမဲ့မြင်ပြုမှုမှာ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်သော မထီမဲ့မြင်ပြုမှုဖြစ်ပါက ယင်းပြစ်မှုကို အရေးယူခွင့် မရှိစေရ။

၆။ (က) တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုကို တရားမအထွေထွေမှု ဖွင့်လှစ် ဆောင်ရွက်ရမည်။

(ခ) ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုကို ပြစ်မှုဆိုင်ရာအထွေထွေမှု ဖွင့်လှစ် ဆောင်ရွက်ရမည်။

## အခန်း(၃)

## ကင်းလွတ်ချက်များ

၇။ ဆောင်ရွက်ဆဲ တရားစီရင်သောမှုခင်းတစ်ရပ်နှင့်စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျသော အကြောင်းအရာတစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာအရေးအသားဖြင့် ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့် ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ထုတ်ဖော်ကြေညာခြင်း သို့မဟုတ် သတင်းအဖြစ်ရေးသားဖော်ပြခြင်း သို့မဟုတ် ပုံနှိပ်ထုတ်ဝေခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေရ။

၈။ စစ်ဆေးကြားနာ၍ အပြီးသတ်အမိန့်ချမှတ်ထားပြီးဖြစ်သည့် တရားစီရင်သော မှုခင်းတစ်ရပ်၏ အရည်အသွေးအပေါ် မျှတစွာသုံးသပ်ချက် သို့မဟုတ် ဝေဖန်ချက်ကို ပုံနှိပ်ထုတ်ဝေခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေရ။

၉။ ဤဥပဒေတွင် မည်သို့ပါရှိစေကာမူ အောက်ဖော်ပြပါ အကြောင်းအရာများမှအပ အများပြည်သူဝင်ရောက်ခြင်းကို ကန့်သတ်ထားသော သီးသန့်ရုံးခန်း၌ ဆောင်ရွက်သည့် တရားစီရင်သော မှုခင်းတစ်ရပ်နှင့်စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျ သောအစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေခြင်းသည် တရားရုံးကိုမထီမဲ့မြင်ပြုမှု မမြောက်စေရ-

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ပုံနှိပ်ထုတ်ဝေခြင်း၊

(ခ) အများပြည်သူဆိုင်ရာမူဝါဒအရဖြစ်စေ၊ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ဖြစ်စေ တရားရုံးက အတိအလင်း တားမြစ်ပိတ်ပင်ထားသည့် တရားစီရင်သောမှုခင်းတစ်ရပ်၏ သတင်းအချက်အလက်များနှင့် သရုပ်ဖော်ပြချက်များကို ပုံနှိပ်ထုတ်ဝေခြင်း၊

(ဂ) တရားစီရင်သောမှုခင်းတစ်ရပ်တွင် အငြင်းပွားလျက်ရှိသော လျှို့ဝှက်ထားရမည့် လုပ်ငန်းစဉ်၊ စူးစမ်းရှာဖွေတွေ့ရှိချက် သို့မဟုတ် တီထွင်မှုစသည်တို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပုံနှိပ်ထုတ်ဝေခြင်း။

## အခန်း(၄)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၀။ မည်သူမဆို တရားရုံးတစ်ရုံးကို ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၆ လထက်မပိုသော အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

သို့ရာတွင် ကျေနပ်လောက်အောင် ဝန်ချတောင်းပန်လျှင် တရားရုံးက စွပ်စွဲခံရသူကို အပြစ်မှ လွှတ်နိုင်သည် သို့မဟုတ် ပြစ်ဒဏ်မှ လွှတ်ငြိမ်းချမ်းသာခွင့်ပြုနိုင်သည်။

၁၁။ မည်သူမဆို တရားရုံးတစ်ရုံးကို တရားမဆိုင်ရာမထီမဲ့မြင်ပြုမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၆ လထက်မပိုသော တရားမ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

သို့ရာတွင် ကျေနပ်လောက်အောင် ဝန်ချတောင်းပန်လျှင် တရားရုံးက စွပ်စွဲခံရသူကို အပြစ်မှလွှတ်နိုင်သည် သို့မဟုတ် ပြစ်ဒဏ်မှ လွှတ်ငြိမ်းချမ်းသာခွင့်ပြုနိုင်သည်။

## အခန်း(၅)

## အယူခံဝင်ခွင့်

၁၂။ တရားရုံးကို မထီမဲ့မြင်ပြုမှုနှင့် စပ်လျဉ်း၍ တရားလွှတ်တော်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ အယူခံဝင်ခွင့်ရှိသည်။

## အခန်း(၆)

## အထွေထွေ

၁၃။ တရားရုံးကို မထီမဲ့မြင်ပြုမှုကို ကျူးလွန်ခဲ့သည်ဟု အဆိုရှိသောနေ့မှစ၍ တစ်နှစ်အတွင်း အမှုကိုစွဲဆိုရမည်။ သတ်မှတ်ထားသော ကာလထက်ကျော်လွန်ပါက မည်သည့်တရားလွှတ်တော်ကမျှ အဆိုပါအမှုကို အရေးယူဆောင်ရွက်ခြင်း မပြုရ။

၁၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၅။ The Contempt of Courts Act, 1926 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။